# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ
# NATIONAL COUNCIL OF THE UNION OF BURMA

## ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်**(ILO)** ၏ (၉၈ ) ကြိမ်မြောက် ညီလာခံမှ မြန်မာပြည်အပေါ် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အပြည့်အဝထောက်ခံကြိုဆိုကြောင်း ထုတ်ပြန်ကြေညာချက်

အမှတ်– ၀၇ / ၂၀၀၉

ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်(ILO)သည် ကမ္ဘာ့တဝှမ်းလုံးရှိ နိုင်ငံ အသီးသီးမှ အလုပ်သမားထုကြီးတရပ်လုံးအတွက် ရပိုင်ခွင့် အခွင့်အရေးများကို ကိုယ်စားပြုအကာအကွယ်ပေးနေသည့် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ တခုတည်းသော အဖွဲ့အစည်းကြီးဖြစ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက အလေးအနက် မှတ်ယူပါသည်။

ILO သည် အလုပ်သမားအခွင့်အရေး လုံးဝဆုံးရှုံးနေသော မြန်မာပြည်ကဲ့သို့ စစ်အာဏာရှင် အုပ်ချုပ်မှုအောက်ရှိ တိုင်းပြည်မျိုးတွင် ပိုမို၍ အားကိုးအားထားပြုရမည့် အဖွဲ့အစည်းတရပ်လည်းဖြစ်ပေသည်။ ၂၀၀၀ခုနှစ်မှ စ၍ မြန်မာပြည်၏ အလုပ်သမားအရေးများဖြစ်သော အဓမ္မလုပ်အားပေးစေခိုင်းခြင်း(Forced Labour) အပါအဝင် အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးနေခြင်းအပေါ် ILO မှ ဆုံးဖြတ်ချက်များချမှတ်၍ စစ်အုပ်စုအားလိုက်နာစေရန် တောင်းဆိုခြင်း၊ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ထားရှိပြီး အခြေအနေများ စောင့်ကြည့်ခြင်း၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုကြောင့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် ပုံမှန်အစီရင်ခံစာတင်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့သည်ကို မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက အသိအမှတ်ပြုပါသည်။

ILO က မည်ကဲ့သို့ပင် ပြုမူစေကာမူ နအဖစစ်အုပ်စုသည် လုံးဝပြုပြင်ပြောင်းလဲမှုမရှိဘဲ အလုပ်သမားအခွင့်အရေး အပါအဝင် ၊ အခြေခံလူ့အခွင့်အရေးများကို ဆက်လက်ချိုးဖောက် ကျူးလွန်နေဆဲ ဖြစ်သည့်အတွက် ယခုနှစ် ILO ညီလာခံ အနေဖြင့် ပိုမိုတိကျပြတ်သားသော ဆုံးဖြတ်ချက်များ၊ အရေးယူမှုများ၊ ပြုလုပ်ရန် သဘောထားချမှတ်ခြင်းအပေါ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အနေနှင့် အလေးအနက် ထောက်ခံကြိုဆိုရခြင်းဖြစ်ပေသည်။

နအဖစစ်အုပ်စု၏ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၁၁) ပုဒ်မ(၃၅၉)အရ လိုအပ်လျှင် နိုင်ငံတော်(တပ်မတော်)က အဓမ္မလုပ်အားပေးစေခိုင်းနိုင်ကြောင်း ပြဌာန်းထားချက်အပေါ် အလုပ်သမားအခွင့်အရေးကို အကာအကွယ်ပေးသည့်အနေနှင့် ယင်း ပြဌာန်းချက်ကို ပြင်ဆင်ပေးရန် ILO မှ တောင်းဆိုခြင်း၊ လွတ်လပ်စွာ အသင်းအဖွဲ့ထူထောင်ပိုင်ခွင့်(Freedom of Association) အား တိကျပြတ်သားစွာ အာမခံချက်ပေးနိုင်သည့် ပြဌာန်းချက် တစုံတရာမပါရှိသည်ကိုလည်း ထောက်ပြပြီး ပြင်ဆင်ဖြည့်စွက်ပေးရန် ILO မှ တောင်းဆိုထားခြင်းများသည် နိုင်ငံတကာဥပဒေကြောင်းနှင့် ညီညွတ်မှုရှိသည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက ထပ်လောင်း ထောက်ခံကြိုဆိုလိုက်ပါသည်။

ထို့အပြင် မြန်မာပြည်ရှိ အလုပ်သမားထုတရပ်လုံး၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးနေသော မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂ (FTUB) နှင့် ဥပဒေရေးရာ ပညာပေးရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်နေသော မြန်မာနိုင်ငံရှေ့နေများ ကောင်စီ(BLC) အဖွဲ့အစည်းများအပေါ် နအဖစစ်အုပ်စုက ဥပဒေနှင့်အညီမဟုတ်ပဲ မတရားအသင်းကြေညာထားခြင်းကို ပြန်လည်ရုပ်သိမ်းပယ်ဖျက်ပေးရန် (ILO)က ဦးဆောင်တောင်းဆိုလိုက်ခြင်းသည် ကမ္ဘာ့တဝှမ်းတရားမျှတမှု (Global Justice) လှုပ်ရှားအားများစွာ အထောက်အကူ ဖြစ်မည်ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီက အပြည့်အဝယုံကြည်ပါသည်။

နိဂုံးချုပ်အနေနှင့် နိုင်ငံတကာအလုပ်သမားထု၏ ထောက်ခံမှုရရှိနေသော ILO သည် မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ အခွင့်အရေး အတွက်သာမက နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများအတွက်ပါ ပံ့ပိုးကူညီဆောင်ရွက်ရာတွင် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအနေနှင့်လည်း အပြည့်အဝပူးပေါင်းပါဝင်သွားမည်ဖြစ်ပါကြောင်း ကတိပြုလျက် ဤသဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

၂၀၀၉ခုနှစ်၊ ဇွန်လ(၁၄)ရက်

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)**

ဆက်သွယ်ရန်– ဦးမောင်မောင် – အထွေထွေအတွင်းရေးမှူး ဖုန်း –၀၈၆၀၉၀၅၆၇၂